## ထည့်သွင်းရမည့် ဓါတ်မြေဩဇာနှုန်းထား

| ယူရီးယား (gm/pt) | | | | တီစူပါ (gm/pt) | ပိုတက် (gm/pt) |
|---|---|---|---|---|---|
| တိုက်ရိုက်အစေ့ချ | | ပြောင်းရွှေ့စိုက် | | | |
| စိုက်ပြီး ၁၅ ရက် | ၁၆၃ | စိုက်ပြီး ၁၀ ရက် | ၁၀၉ | ၃၃၁ | ၁၇၆ |
| စိုက်ပြီး ၃၅ ရက် | ၂၄၅ | စိုက်ပြီး ၂၈ ရက် | ၁၆၃ | - | - |
| - | - | စိုက်ပြီး ၄၂ ရက် | ၁၆၃ | - | - |
| စိုက်ပြီး ၅၅ ရက် | ၂၄၅ | စိုက်ပြီး ၅၆ ရက် | ၁၆၃ | - | ၁၇၆ |

## RTOP, ICOP စမ်းသပ်ချက်များအရ မြေအမျိုးအစားအလိုက် မျှော်မှန်းသည့် ပန်းတိုင်အထွက်နှုန်းများရရှိရန် ထည့်သွင်းသင့်သော ဓါတ်မြေဩဇာနှုန်းထားများ

| စဉ် | တိုင်း/မြို့နယ် | မြေအမျိုးအစား | ပန်းတိုင်အထွက်နှုန်း | မြေဩဇာနှုန်းထား (lb/ac) | | |
|---|---|---|---|---|---|---|
| | | | | ယူရီးယား | တီစူပါ | ပိုတက် |
| | ဧရာဝတီတိုင်း | | | | | |
| ၁ | ကျိုက်လတ် | မြေစေး | ၁၁၀ | ၁၀၁ | ၃၈ | ၃၅ |
| | | သမ | ၁၁၀ | ၉၈ | ၂၇ | ၃၇ |
| ၂ | မြောင်းမြ | မြေစေး | ၉၅ | ၇၉ | ၃၇ | ၃၈ |
| | | သမ | ၉၅ | ၈၆ | ၃၈ | ၂၁ |
| ၃ | မြန်အောင် | သမ | ၁၁၀ | ၁၂၆ | ၂၇ | ၂၂ |
| | | သဲ | ၁၀၀ | ၁၂၀ | ၂၈ | ၂၀ |
| ၄ | ကျောင်းကုန်း | မြေစေး | ၉၀ | ၁၂၅ | ၃၈ | ၃၂ |
| | | သမ | ၉၅ | ၁၄၉ | ၃၉ | ၃၀ |
| ၅ | ဖျာပုံ | မြေစေး | ၉၀ | ၇၄ | ၃၄ | ၂၃ |
| | | သမ | ၇၀ | ၄၀ | ၂၀ | ၁၂ |
| ၆ | ဘိုကလေး | မြေစေး | ၉၅ | ၁၀၅ | ၁၇ | ၁၈ |
| | | သမ | ၁၀၀ | ၉၃ | ၃၅ | ၃၁ |

| စဉ် | တိုင်း/မြို့နယ် | မြေအမျိုးအစား | ပန်းတိုင်အထွက်နှုန်း | မြေဩဇာနှုန်းထား (lb/ac) | | |
|---|---|---|---|---|---|---|
| | | | | ယူရီးယား | တီစူပါ | ပိုတက် |
| | ပဲခူးအနောက် | | | | | |
| ၇ | လက်ပံတန်း | မြေစေး | ၉၀ | ၁၁၇ | ၄၂ | ၁၇ |
| | | သမ | ၁၀၀ | ၁၂၉ | ၄၁ | ၃၃ |
| ၈ | ပြည် | မြေစေး | ၁၀၀ | ၁၅၀ | ၆၀ | ၃၅ |
| | | သမ | ၁၁၀ | ၂၂၀ | ၇၄ | ၅၆ |
| | | သဲ | ၇၅ | ၁၂၅ | ၃၀ | ၄၀ |
| ၉ | ကြို့ပင်ကောက် | မြေစေး | ၉၅ | ၁၃၆ | ၃၁ | ၁၉ |
| | | သမ | ၁၀၀ | ၁၁၁ | ၃၄ | ၁၉ |
| | | သဲ | ၈၅ | ၁၀၈ | ၄၅ | ၂၉ |
| ၁၀ | အုတ်ဖို | မြေစေး | ၁၀၀ | ၁၃၁ | ၅၇ | ၃၇ |
| | | သမ | ၁၀၀ | ၁၂၂ | ၄၄ | ၄၃ |
| | | သဲ | ၈၅ | ၁၀၀ | ၂၇ | ၂၄ |
| ၁၁ | နတ္တလင်း | မြေစေး | ၉၅ | ၉၈ | ၃၄ | ၂၈ |
| | | သမ | ၁၀၀ | ၁၁၃ | ၄၃ | ၃၁ |
| ၁၂ | ပေါင်းတည် | မြေစေး | ၉၅ | ၉၀ | ၃၂ | ၂၇ |
| | | သမ | ၉၅ | ၉၅ | ၃၀ | ၂၄ |
| | စစ်ကိုင်း | | | | | |
| ၁၃ | ရွှေဘို | မြေစေး | ၉၅ | ၉၁ | ၂၇ | ၁၈ |
| | | သမ | ၉၀ | ၁၀၂ | ၃၆ | ၃၁ |
| ၁၄ | ရေဦး | မြေစေး | ၉၀ | ၁၃၇ | ၂၂ | ၁၃ |
| | | သမ | ၈၀ | ၁၅၃ | ၁၉ | ၇ |
| ၁၅ | ဝက်လက် | မြေစေး | ၈၅ | ၁၄၀ | ၂၈ | ၁၂ |
| | | သမ | ၈၀ | ၁၂၆ | ၂၀ | ၁၅ |
| | ရန်ကုန် | | | | | |
| ၁၆ | တိုက်ကြီး | သမ | ၉၀ | ၁၀၀ | ၂၀ | ၂၇ |
| | | သဲ | ၇၅ | ၄၁ | ၈ | ၇ |
| | မန္တလေး | | | | | |
| ၁၇ | မတ္တရာ | မြေစေး | ၁၂၀ | ၁၅၉ | ၂၈ | ၂၇ |
| | | သမ | ၁၁၀ | ၁၅၂ | ၂၆ | ၂၅ |
| ၁၈ | အမရပူရ | မြေစေး | ၁၀၅ | ၁၇၀ | ၄၁ | ၁၇ |
| | | သမ | ၁၀၅ | ၁၄၉ | ၄၅ | ၂၂ |
| ၁၉ | မြစ်သား | မြေစေး | ၁၀၀ | ၁၃၂ | ၃၄ | ၁၈ |
| | | သမ | ၁၀၀ | ၁၃၆ | ၃၈ | ၂၃ |
| ၂၀ | ဝမ်းတွင်း | မြေစေး | ၉၅ | ၈၄ | ၂၅ | ၅ |
| | | သမ | ၁၀၀ | ၁၁၂ | ၃၆ | ၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
မြေအသုံးချရေးဌာနခွဲ

MOAI

# လယ်မြေတွင် အာဟာရဓါတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်း




၂၀၁၂ ခုနှစ်၊ ဩဂုတ်လ

## လယ်မြေတွင် အာဟာရဓါတ်လိုအပ်မှုကို တောင်သူကိုယ်တိုင် စမ်းသပ်ဆောင်ရွက်နည်း

### RTOP နှင့် ICOP စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း

၂၀၀၂ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် IRRC မှ ဆောင်ရွက်သော RTOP (Reaching Toward Optimal Productivity) လုပ်ငန်းအဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခဲ့သည်။ RTOP စီမံချက်ကို ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ် မိုး၊ နွေစပါးရာသီများတွင် ဆောင်ရွက်ခဲ့သည်။ စီမံချက်အရ Omission Plot trial (အာဟာရဓါတ် ချန်လှပ် စမ်းသပ်ချက်)နှင့် SSNM (ဒေသအလိုက် အာဟာရဓါတ် အထိရောက်ဆုံးအသုံးပြုမှု စမ်းသပ်ချက်)များ ဆောင်ရွက်ခဲ့ပါသည်။ RTOP စမ်းသပ်ကွက်များကို အခြေခံ၍ ICOP (Incountry Outreach Program)ကို ၂၀၀၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ICOP စီမံကိန်းတွင် လုပ်ငန်းအဖွဲ့ (၄)ဖွဲ့ ပါဝင်ပြီး Productivity and Sustainability အဖွဲ့မှ Omission နှင့် SSNM စမ်းသပ်ကွက်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ စမ်းသပ်ချက်အဖြေများအရ စပါးအဓိကစိုက်ပျိုးသော တိုင်း (၅) တိုင်း၊ မြို့နယ် (၂၀)တွင် မြေအမျိုးအစားအလိုက် ထည့်သွင်းသင့်သော ဓါတ်မြေဩဇာနှုန်းထားထောက်ခံချက်များ ပေးနိုင်ခဲ့သည်။

## အာဟာရဓါတ်ချန်လှပ်စမ်းသပ်ဆောင်ရွက်ခြင်း

ဤနည်းလမ်းကို တောင်သူကိုယ်တိုင် မိမိလယ်မြေတွင် စမ်းသပ် ဆောင်ရွက်နိုင်သည်။ မိမိလယ်မြေတွင် အာဟာရဓါတ် လိုအပ်မှုနှင့် ထည့်သွင်းရမည့် ဓါတ်မြေဩဇာပမာဏကို သိနိုင်သည်။

## စမ်းသပ်ကွက်ဆောင်ရွက်နည်း

၁။ မိမိလယ်မြေတွင် လောင်းရိပ်ကင်းသော နေရာကို ရွေးချယ်ပါ။
၂။ လယ်မြေ၏ အစွန်း၊ ဒေါင့်စွန်းများကို ရှောင်ကျဉ်ပါ။
၃။ ရေသွင်းမြောင်းနှင့် ကပ်လျှက်နေရာဖြစ်ရမည်။
၄။ စမ်းသပ်ကွက်အတွင်းသို့ ရေတိုက်ရိုက်သွင်းနိုင်ရမည်။ ကွက်ဆင့်သောက်နှင့် လယ်ကွင်းတွင်းမှတဆင့် ရေသွင်းခြင်း မပြုရ။
၅။ စမ်းသပ်ချက် အကွက်ငယ်တစ်ခုစီသည် လုံလောက်သော ကန်သင်းအမြင့် ရှိရမည်။ အကွက်ငယ်တစ်ခုနှင့်တစ်ခု ရေကူးသန်းစီးဆင်းမှု မရှိစေရ။
၆။ 5 m x 5 m အကွက်ငယ် ၄ ခု ရှိရမည်။
၇။ စမ်းသပ်ချက်အကွက်ကြီးကို ပတ်လည်ကန်သင်းကန့် ထားရမည်။ လယ်ကွက်တွင်းမှရေများ စမ်းသပ်ကွက်များထဲသို့ မဝင်စေရ။
၈။ စမ်းသပ်ချက်အလိုက် ထည့်သွင်းရမည့် ဓါတ်မြေဩဇာနှုန်းထားများကို ဖော်ပြပါအတိုင်း အတိအကျ ထည့်သွင်းပါ။ သဘာဝမြေဩဇာများ မထည့်သွင်းပါနှင့်။
၉။ ရေသွင်း/ရေထုတ်၊ပေါင်းလိုက်၊ ပိုးမွှားကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပါ။
၁၀။ စမ်းသပ်ကွက်ငယ်တစ်ခုစီကို ခွဲခြားရိတ်သိမ်းပါ။

## စမ်းသပ်ကွက် ပုံစံ




| | | |
|---|---|---|
| NPK | = | ယူရီးယား + တီစူပါ + ပိုတက် ထည့်သွင်းခြင်း |
| - N | = | ယူရီးယား မထည့်သွင်း၊ တီစူပါ + ပိုတက် ထည့်သွင်း |
| - P | = | တီစူပါ မထည့်သွင်း၊ ယူရီးယား + ပိုတက် ထည့်သွင်း |
| - K | = | ပိုတက်မထည့်သွင်း၊ ယူရီးယား + တီစူပါ ထည့်သွင်း |

(က) ယူရီးယားကြောင့် လျော့နည်းအထွက် (တင်း) =
NPK အထွက် (တင်း) - (-N) အထွက် (တင်း)

(ခ) တီစူပါကြောင့် လျော့နည်းအထွက် (တင်း) =
NPK အထွက် (တင်း) - (-P) အထွက် (တင်း)

(ဂ) ပိုတက်ကြောင့် လျော့နည်းအထွက် (တင်း) =
NPK အထွက် (တင်း) - (-K) အထွက် (တင်း)

ထည့်သွင်းရမည့် ယူရီးယား (lb/ac) = (က) × ၁၆၀ × ၄

ထည့်သွင်းရမည့် တီစူပါ (lb/ac) = (ခ) × ၁၆၀ × ၂.၅

ထည့်သွင်းရမည့် ပိုတက် (lb/ac) = (ဂ) × ၁၆၀ × ၂.၅